# ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု

# လေးစားလိုက်နာမှုမူဝါဒ

# Sumitomo Corporation Group's Corporate Mission Statement

## Corporate Vision

We aim to be a global organization that constantly stays a step ahead in dealing with change, creates new value, and contributes broadly to society.

## Management Principles

[Corporate Mission] To achieve prosperity and realize dreams through sound business activities

[Management Style] To place prime importance on integrity and sound management with utmost respect for the individual

[Corporate Culture] To foster a corporate culture full of vitality and conducive to innovation

## Activity Guidelines

- To act with honesty and sincerity on the basis of Sumitomo's business philosophy and in keeping with the Management Principles
- To comply with laws and regulations while maintaining the highest ethical standards
- To set high value on transparency and openness
- To attach great importance to protecting the global environment
- To contribute to society as a good corporate citizen
- To achieve teamwork and integrated corporate strength through active communication
- To set clear objectives and achieve them with enthusiasm

# မာတိကာ


**အပိုင်း I-　ဆူမီတိုမိုကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်၏ အမှာစကား** စာမျက်နှာ [5/32]

- ကျွန်ုပ်တို့၏အိပ်မက်များအကောင်အထည်ပေါ်လာစေရန် လုပ်ဆောင်ရမည်များ
- ကျွန်ုပ်တို့ မပြောင်းလဲနိုင်သောအရာ
- ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု၏ လေးစားလိုက်နာမှုဆီသို့ ချဉ်းကပ်ခြင်း

---

**အပိုင်း II-　ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒအကြောင်း** စာမျက်နှာ [10/32]

- ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒ (သို့မဟုတ် “မူဝါဒ”) ကို မည်သူတို့ လိုက်နာရမည်နည်း။
- လုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒသည် ဥပဒေများ သို့မဟုတ် ကုမ္ပဏီစည်းမျဉ်းများနှင့် မည်သို့ဆက်စပ်နေသနည်း။
- ဝန်ထမ်း၏ တာဝန်များမှာ အဘယ်နည်း။
- စီမံခန့်ခွဲရေး၏ တာဝန်များမှာ အဘယ်နည်း။
- လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာတစ်ရပ်ကို မည်ကဲ့သို့အစီရင်ခံရမည်နည်း။


---

## အပိုင်း III- လုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှု စည်းမျဉ်းများ

စာမျက်နှာ [17/32]

①တရားမျှတသော ယှဉ်ပြိုင်မှု

②လုံခြုံရေးဆိုင်ရာ ကုန်သွယ်ရေးထိန်းချုပ်မှုများအပါအဝင် နိုင်ငံတကာ ကုန်သွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

③သင့်လုပ်ငန်းနှင့်သက်ဆိုင်သော ဥပဒေများ

④ကုမ္ပဏီ၏ စာရွက်စာတမ်းများနှင့် မှတ်တမ်းများ၏တိကျမှု- အခွန်ဆောင်ထားကြောင်း အထောက်အထား

⑤လာဘ်ပေးလာဘ်ယူခြင်းနှင့် အကျင့်ပျက်ခြစားခြင်း တိုက်ဖျက်မှု

⑥ဉာဏပစ္စည်း မူပိုင်ခွင့်များ

⑦သတင်းအချက်အလက် စီမံခန့်ခွဲမှု

⑧သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း

⑨ကုမ္ပဏီ၏အတွင်းသတင်းများကို အသုံးချ၍ စတော့ရှယ်ယာများ ရောင်းဝယ်ခြင်း

⑩လူ့အခွင့်အရေးများကို လေးစားခြင်းနှင့် လူမျိုးရေးခွဲခြားခြင်း၊ စိတ်အနှောင့်အယှက်ပေးခြင်း တို့မှ ကာကွယ်ခြင်း

⑪ကိုယ်ကျိုးစီးပွား ပါဝင်ပတ်သတ်မှု

---

## အပိုင်း IV- "SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေး" စနစ်အကြောင်း

စာမျက်နှာ [30/32]

●"SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေး" စနစ်ဆိုသည်မှာ အဘယ်နည်း။

●SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးကို မည်သူအသုံးပြုနိုင်သနည်း။

●SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးတွင်မည်ကဲ့သို့သော လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာများကို တိုင်ကြားနိုင်သနည်း။

●SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးသည် လက်ရှိ ကုမ္ပဏီတွင်းသုံး လေးစားလိုက်နာခြင်း ဆိုင်ရာ သီးသန့်လိုင်းများ၊ ပြဿနာတိုင်ကြားခြင်းစနစ်များနှင့် မည်သို့ဆက်နွယ်သနည်း။

## ချစ်ခင်လေးစားရပါသော ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု ကုမ္ပဏီများ၏ ဒါရိုက်တာများ၊ အရာရှိများနှင့် ဝန်ထမ်းများခင်ဗျား

ကျွန်ုပ် ဆူမီတိုမိုကော်ပိုရေးရှင်း၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်လွှဲပြောင်းယူသည့်နေ့တွင် ကမ္ဘာတဝှမ်းရှိ ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု ကုမ္ပဏီများ၏ ဒါရိုက်တာများ၊ အရာရှိများနှင့် ဝန်ထမ်းများအားလုံးအပါအဝင် လုပ်ဖော်ကိုင်ဖက်အယောက် 60,000 အား ကျွန်ုပ်တို့အတူတကွ ပူးပေါင်းလုပ်ဆောင်ရန် စိတ်ပိုင်းဖြတ်ထားသော အိပ်မက်များနှင့် စိတ်ကူးများအကြောင်း မိတ်ဆက်စကား ပြောကြားခဲ့ပါသည်။

- **ဝန်ထမ်းများ၏ဘဝများကိုသာမက ပိုမိုကျယ်ပြောသော လူ့အသိုင်းအဝိုင်းကိုပါ ပိုမိုကောင်းမွန်စေရန် လက်ချင်းချိတ်၍လုပ်ဆောင်ခြင်း**
- **စတုတ္ထမြောက်စက်မှုတော်လှန်ရေးကြောင့် ကြီးမားသော ပြောင်းလဲမှုများ ဖြစ်ပေါ်နေသော ကျွန်ုပ်တို့၏ လူ့အသိုင်းအဝိုင်းကို စီးပွားရေးလုပ်ငန်းမှတစ်ဆင့် ပိုမိုစိတ်လှုပ်ရှားဖွယ်ကောင်းလာအောင် လုပ်ဆောင်ရန် စိတ်ဆန္ဒပြင်းပြခြင်း**

ဤအိပ်မက်နှင့်စိတ်ကူးများကို အကောင်အထည်ဖော်ရာတွင် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုသည် ရိုးရှင်းစွာနှင့် တည်ငြိမ်စွာ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်နေသော အဖွဲ့အစည်းတစ်ရပ်အဖြစ် အစဉ်အမြဲရပ်တည်နိုင်မည်ဟု မျှော်လင့်ပါသည်။

### ကျွန်ုပ်တို့၏ အိပ်မက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ဆောင်ရမည်များ

ကျွန်ုပ်တို့သည် ပြောင်းလဲမှု ကြီးကြီးမားမားဖြစ်ပေါ်နေသော အချိန်ကာလတွင် နေထိုင်လျက်ရှိပါသည်။ ၎င်းသည် စတုတ္ထမြောက် စက်မှုတော်လှန်ရေး ဖြစ်သည်။ ကျွန်ုပ်တို့သည် တန်ဖိုးအသစ်ဖန်တီးရန်နှင့် ဤကဲ့သို့ပြောင်းလဲမှု

ပြင်းထန်သောအချိန်ကာလတွင် ဆက်လက်ရှင်သန်ရန် လိုအပ်ချက်ဖြစ်သော မိမိကိုယ်ကိုပြောင်းလဲရန်ကြိုးပမ်းရာတွင် ဆူမီတိုမို၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ ခံယူချက်ပေါ်အခြေခံထားသော ကျွန်ုပ်တို့၏ ကော်ပိုရိတ်ရည်မှန်းချက် ကြေညာလွှာသည် အခြေခံအုတ်မြစ်အဖြစ် ဆက်လက်တည်ရှိနေမည်ကို မှတ်သားထားရပါမည်။

ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုသည် အပြောင်းအလဲကာလများတွင် ဆက်လက်ရှင်သန်နိုင်ခဲ့ပါသည်။ သို့သော် ဤတစ်ကြိမ် ရင်ဆိုင်ကြုံတွေ့ရမည့် ပြောင်းလဲမှုများသည် အတိတ်ကာလတွင်ရှိခဲ့သောအရာများထက် ပိုမိုမြန်ဆန်ပြီး ပိုမိုကြီးမားလိမ့်မည်ဟု မျှော်မှန်းထားပါသည်။ ကမ္ဘာကြီးနှင့် ရိုးရာဓလေ့တန်ဖိုးများသည် အလျင်အမြန် ပြောင်းလဲနေစဉ်တွင် ကော်ပိုရိတ်ရည်မှန်းချက်ကြေညာလွှာတွင် သတ်မှတ်ထားသောတန်ဖိုးများပေါ်မူတည်၍ ဆုံးဖြတ်ချက်များချမှတ်သင့်သည်။ ထို့ပြင် မှန်ကန်ကောင်းမွန်သော စီးပွားရေးလုပ်ဆောင်မှုများမှတစ်ဆင့် လူ့အသိုင်းအဝိုင်းနှင့်ကိုက်ညီသော တည်ငြိမ်၍ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ကြိုးပမ်းသင့်သည်။

## ကျွန်ုပ်တို့မပြောင်းလဲနိုင်သောအရာ

ဆူမီတိုမို၏ နှစ်ပေါင်း 400 ကျော် ကာလတလျှောက်တွင် ကျွန်ုပ်တို့၏ ကော်ပိုရိတ်ရည်မှန်းချက် ကြေညာလွှာကိုအကောင်အထည်ပေါ်လာစေရန် ယခင်ဦးဆောင်သူများက စဉ်ဆက်မပြတ်အားထုတ်ခဲ့ကြောင်းကို သိမြင်နိုင်ပါသည်။ ထိုမပျက်စီးသေးသောအားထုတ်မှုများကို ကျွန်ုပ်တို့ဆီသို့ "ရိုးသားဖြောင့်မတ်ခြင်း" နှင့် "ယုံကြည်မှု" ဟုအဓိပ္ပါယ်ရသည့် “信用 (*Shin-You*)” ပုံစံဖြင့် လက်ဆင့်ကမ်းလာပြီး ၎င်းသည် အစားထိုးမရနိုင်သော ကျွန်ုပ်တို့လုပ်ငန်းစု၏ ပိုင်ဆိုင်မှုဖြစ်သည်။ ယခုကာလကဲ့သို့ အပြောင်းအလဲများသည့်အချိန်တွင် ကျွန်ုပ်တို့၏ စားသုံးသူများနှင့် မိတ်ဖက်လုပ်ငန်းများသည်လည်း မသေချာ မရေရာမှုများစွာဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရမည်ဖြစ်သည်။ ထိုကဲ့သို့အခြေအနေမျိုးတွင် ကျွန်ုပ်တို့ကို ရိုးသားဖြောင့်မတ်သော အားကိုးအားထား ပြုနိုင်သည့် မိတ်ဖက်ဖြစ်သည်ဟူသောယုံကြည်မှုကိုသာ ၎င်းတို့ အားထားနိုင်မည်ဖြစ်သည်။ ယုံကြည်မှုကိုဆုံးရှုံးပါက စီးပွားရေးလုပ်ငန်းကိုလည်း ဆုံးရှုံးမည်ဖြစ်သည်။ “信用 (*Shin-You*)” သို့မဟုတ် "ရိုးသားဖြောင့်မတ်မှု" နှင့်

# အပိုင်း I- ဆူမီတိုမိုကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်၏ အမှာစကား

"ယုံကြည်မှု" မရှိပါက ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု တည်ရှိနိုင်မည်မဟုတ်ပါ။



## ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု၏ လေးစားလိုက်နာမှုဆီသို့ ချဉ်းကပ်ခြင်း

ကျွန်ုပ်တို့ တစ်ဦးတိုင်းတစ်ယောက်တိုင်းသည် နေ့စဉ်အလုပ်များကို "အမြင့်ဆုံး ကျင့်ဝတ်စံနှုန်းများအားကျင့်သုံးပြီး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်ရန်" ဖော်ပြထားသည့် လုပ်ဆောင်ချက်လမ်းညွှန်အတိုင်း ဆောင်ရွက်ပါက သမိုင်းကာလရှည်တလျှောက် လက်ဆင့်ကမ်းယူဆောင်လာသောယုံကြည်မှုကို ကာကွယ်နေခြင်းဖြစ်ပြီး ဤနေ့စဉ်အားထုတ်မှုသည် ကျွန်ုပ်တို့၏လေးစားလိုက်နာခြင်းဆိုင်ရာအစီအစဉ်၏တာထွက် အတိအကျပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် လေးစားလိုက်နာခြင်းဆိုင်ရာရှုထောင့်မှကြည့်ပါက သံသယဖြစ်ဖွယ်ရာ မည်သည့်လုပ်ဆောင်မှုတွင်မှ ပါဝင်ပတ်သက်ခြင်းမပြုဘဲ **"လေးစားလိုက်နာခြင်းသည် ပထမဦးစားပေး"** ဟူသော စည်းမျဉ်းများနှင့် လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာဖြစ်ပေါ်ပါက ဝန်ထမ်းများသည် ၎င်းတို့၏မန်နေဂျာများ သို့မဟုတ် သက်ဆိုင်သူများ သို့မဟုတ် ဌာနများသို့ နှောင့်နှေးမှုမရှိစေပဲ **"ချက်ချင်းတိုင်ကြားပါ"** ဟူသော ကျွန်ုပ်တို့၏စည်းမျဉ်းများကို

ဆက်လက်လိုက်နာရမည်ဖြစ်သည်။

"လေးစားလိုက်နာခြင်းသည် ပထမဦးစားပေး" ဟူသည့် စည်းမျဉ်းနှင့်ပတ်သက်၍ ကျွန်ုပ်၏လုပ်ဖော်ကိုင်ဖက်များ အားလုံးကို နားလည်စေလိုသည့်အရာတစ်ခု ရှိပါသည်။ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်သည့်အခါ ကုမ္ပဏီ၏ အကျိုးအမြတ်နှင့် လေးစားလိုက်နာခြင်းနှစ်ခုတွင် တစ်ခုအားရွေးချယ်ရမည့် အခြေအနေမျိုး ကြုံတွေ့နိုင်ပါသည်။ ထိုကဲ့သို့အခြေအနေမျိုးတွင် အကျိုးအမြတ်ရရှိစေရန်အလို့ငှာ လေးစားလိုက်နာခြင်းကို မည်သည့်အခါမျှ မချိုးဖောက်ပါနှင့်။ ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုတွင် ကမ္ဘာအနှံ့မှ ကုမ္ပဏီများပါဝင်ပြီး ၎င်းတို့သည် လုပ်ငန်းနယ်ပယ်ပေါင်းစုံမှ အဖွဲ့ဝင်များဖြစ်သည်။ သို့သော် ကျွန်ုပ်တို့အားလုံးရှိ ဘုံတူညီချက်မှာ ကျွန်ုပ်တို့၏စီးပွားရေးလုပ်ငန်းများသည် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုအပေါ်ထားရှိသည့် လူ့အဖွဲ့အစည်း၏ ယုံကြည်မှုပေါ်အခြေခံထားပြီး လူ့အဖွဲ့အစည်း၏ မျှော်မှန်းချက်များအတိုင်း ပြည့်မီစေရန် စီးပွားရေးလုပ်ငန်းကို ဂုဏ်သိက္ခာရှိရှိ လုပ်ဆောင်ရမည်ဖြစ်ပါသည်။ "လေးစားလိုက်နာခြင်းသည် ပထမဦးစားပေး" ဟူသောစည်းမျဉ်းသည် ကျွန်ုပ်တို့၏ ကော်ပိုရိတ်ရည်မှန်းချက်ကြေညာလွှာ၏ မရှိမဖြစ်အစိတ်အပိုင်းဖြစ်ပြီး ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု ကုမ္ပဏီများတွင် အလုပ်လုပ်သော ကျွန်ုပ်တို့အားလုံးအတွက် လိုက်နာရန်ကျင့်ဝတ်ဖြစ်ပါသည်။

"ချက်ချင်းတိုင်ကြားပါ" ဟူသည့်စည်းမျဉ်းသည် လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာကို တိုင်ကြားရုံဖြင့် လုံလောက်ပြီဟု မဆိုလိုပေ။ ဤစည်းမျဉ်း၏ရည်ရွယ်ချက်သည် လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာများကို စီမံခန့်ခွဲရေးသို့ ချက်ချင်းတိုင်ကြားခြင်းဖြင့် သက်ဆိုင်ရာဌာန၏ ကျွမ်းကျင်သူကို စုဝေးနိုင်ပြီး အခြေအနေကို အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းစေနိုင်ရန်ဖြစ်သည်။ လေးစားလိုက်နာခြင်းဆိုင်ရာ ချိုးဖောက်မှုများ သို့မဟုတ် ထိုချိုးဖောက်မှုများ ဖြစ်ပေါ်စေနိုင်သော အခြေအနေများကို ချက်ချင်းတိုင်ကြားရန် အရေးကြီးသည်။

လေးစားလိုက်နာခြင်းသည် လူ့အဖွဲ့အစည်း၏ယုံကြည်မှုကို ရရှိရန်အတွက် မည်သည့်စီးပွားရေးလုပ်ဆောင်ချက် အတွက်မဆို ကြိုတင်ရှိထားရမည့် အဓိကအရာတစ်ခုဖြစ်သည်။ ထိုယုံကြည်မှုကို ဆက်လက်ထိန်းသိမ်းရန်အတွက် လူ့အဖွဲ့အစည်း၏တန်ဖိုးများပြောင်းလဲမှုကို ပိုမိုနားစွင့်ပြီး အမြင့်ဆုံးကျင့်ဝတ်စံနှုန်းများကို ဆက်လက်ထိန်းသိမ်း

ရမည်ဖြစ်ပါသည်။ သံသယရှိပါက သို့မဟုတ် ဖိအားပေးခံရပါက ဝန်ထမ်းများသည် တုံ့ဆိုင်းမှုမရှိဘဲ ၎င်းတို့၏မန်နေဂျာများသို့ တိုင်ကြား သို့မဟုတ် ဆွေးနွေးရမည်ဖြစ်ပြီး မန်နေဂျာများသည် မိမိ၏အဖွဲ့ဝင်များအပေါ် အပြည့်အဝအာရုံစိုက်ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ခက်ခဲသောအခြေအနေများကို ကျော်လွှားရန် အသင်းအဖွဲ့နှင့် ပြောဆိုဆက်ဆံပါ။

ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု၏ လေးစားလိုက်နာခြင်းဆိုင်ရာ အနှစ်သာရကို အကောင်းပကတိအတိုင်း လက်ဆင့်ကမ်းလာခဲ့ပြီး အနာဂတ်မျိုးဆက်များဆီသို့လည်း ထိုအတိုင်း လက်ဆင့်ကမ်းရမည်ဖြစ်သည်။ လေးစားလိုက်နာခြင်းသည် ကျွန်ုပ်တို့အား အတင်းအကျပ်စေခိုင်း၍ လိုက်နာခိုင်းသည့်အရာမျိုးမဟုတ်ပါ။ လေးစားလိုက်နာခြင်းသည် စည်းမျဉ်းနှင့်ကျင့်ဝတ်များကိုလေ့လာပြီး ရိုးသားဖြောင့်မတ်ခြင်းကို ဆက်လက်ထိန်းသိမ်းထားစဉ်တွင် ကျွန်ုပ်တို့၏ စီးပွားဖက်များ၊ လုပ်ဖော်ကိုင်ဘက်များ၊ လူ့အဖွဲ့အစည်းတို့နှင့် အပြန်အလှန်ဆက်သွယ်ရာတွင် တစ်ဦးတစ်ယောက်ဆီတိုင်းမှ နေ့စဉ်နေ့တိုင်း မိမိစိတ်ဆန္ဒအလျောက် ရှိသေလေးစားစွာ လိုက်နာကျင့်သုံးသောအရာဖြစ်ပါသည်။

ဤ "ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု လေးစားလိုက်နာခြင်းဆိုင်ရာမူဝါဒ" သည် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု ကုမ္ပဏီများတွင် အလုပ်လုပ်သော လူတိုင်းအတွက် လမ်းညွှန်ဖြစ်သည်။ ကျွန်ုပ်၏လုပ်ဖော်ကိုင်ဖက်များအား ဤမူဝါဒကို နေ့စဉ်လုပ်ငန်းတာဝန်များ ဆောင်ရွက်စဉ် သတိတရရှိရန် တောင်းဆိုအပ်ပြီး ဤသို့ဖြင့် ကျွန်ုပ်တို့၏ ကော်ပိုရိတ်ရည်မှန်းချက်ကြေညာလွှာတွင်ပါရှိသော ရည်မှန်းချက်ပန်းတိုင်များကို လက်တွေ့လုပ်ဆောင်နိုင်ပြီး အိပ်မက်များကို အတူတကွအကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

**Masayuki Hyodo**

**ကိုယ်စားပြု ဒါရိုက်တာ**

**ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်**

**ဆူမီတိုမိုကော်ပိုရေးရှင်း**

**2019 ခုနှစ်၊ မတ်လ**

# ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒအကြောင်း

## ◆ ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒ (သို့မဟုတ် "မူဝါဒ") ကို မည်သူတို့ လိုက်နာရမည်နည်း။

ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု၏ လေးစားလိုက်နာမှုဆီသို့ ချဉ်းကပ်ခြင်းနည်းလမ်းအား ဖော်ပြရန်အတွက် ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒကို ချမှတ်ထားပြီး ၎င်းသည် ကမ္ဘာအနှံ့ရှိ ဆူမီတိုမိုကော်ပိုရေးရှင်း လုပ်ငန်းစုရုံးများတွင် အလုပ်လုပ်နေကြသော ဝန်ထမ်းများ<u>အားလုံး</u>အတွက် လမ်းညွှန်ချက်ဖြစ်သည်။ ကျွန်ုပ်တို့ မည်သည့်နေရာတွင် ရောက်ရှိနေသည်ဖြစ်စေ ဤမူဝါဒသည် ပြဋ္ဌာန်းထားသော ဥပဒေများ၊ စည်းမျဉ်းများနှင့် ကျင့်ဝတ်စံနှုန်းများကို အချိန်တိုင်း အပြည့်အဝလိုက်နာစေရန် အားထုတ်မှုတွင် ကူညီပေးသော လမ်းညွှန်ချက်အဖြစ် သက်ရောက်မည်ဖြစ်သည်။

လုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒကို ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုအတွင်းရှိ ကုမ္ပဏီ၏ ဒါရိုက်တာ၊ အရာရှိ၊ ဝန်ထမ်း၊ စာချုပ်နှင့် ဝန်ထမ်း၊ အချိန်ပိုင်း ဝန်ထမ်း၊ လုပ်ငန်းစုပြင်ပရှိ ကုမ္ပဏီများသို့ ယာယီတာဝန်ချထားသော ဝန်ထမ်းနှင့် ယာယီဝန်ထမ်းများ ("ဝန်ထမ်းများ") အားလုံး လိုက်နာရမည်ဖြစ်သည်။ ဤမူဝါဒတွင် ဖော်ပြထားသော "ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု" သို့မဟုတ် "လုပ်ငန်းစု" သည် ဆူမီတိုမိုကော်ပိုရေးရှင်းနှင့် ၎င်း၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော လုပ်ငန်းခွဲများကို ဆိုလိုသည်။ လုပ်ငန်းခွဲများဆိုသည်မှာ ဆူမီတိုမိုကော်ပိုရေးရှင်းမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မဲပေးခွင့် 50 ရာခိုင်နှုန်းအထက် ပိုင်ဆိုင်သော သို့မဟုတ် ဆူမီတိုမိုကော်ပိုရေးရှင်းမှ ထိန်းချုပ်ပိုင်ခွင့်ရှိသော သီးခြားအဖွဲ့အစည်းအားလုံးကို ဆိုလိုပါသည်။ ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုအတွင်းရှိ မည်သည့်ကုမ္ပဏီမဆို "ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုကုမ္ပဏီ" ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဤမူဝါဒကို နားလည်သဘောပေါက်ရန်နှင့် နေ့စဉ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်တွေ့ကျင့်သုံးရန် လိုအပ်သည်။

## လုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒသည် ဥပဒေများ သို့မဟုတ် ကုမ္ပဏီစည်းမျဉ်းများနှင့် မည်သို့ ဆက်စပ်နေသနည်း။

### လုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒနှင့် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု ကုမ္ပဏီတိုင်း၏ မူဝါဒများနှင့် စည်းမျဉ်းများ၏ဆက်စပ်မှု-

ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒတွင် လုပ်ငန်းစုအနှံ့ရှိ ဝန်ထမ်းများအားလုံး လိုက်နာရမည်ဖြစ်သော လေးစားလိုက်နာမှုနှင့် သက်ဆိုင်သည့် အဓိကစည်းမျဉ်းများကို ရှင်းပြဖော်ပြထားပါသည်။ ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒတွင် ဝန်ထမ်းတစ်ဦးချင်းစီအတွက် သက်ဆိုင်ရာမူဝါဒများ၊ စည်းမျဉ်းများ သို့မဟုတ် အခြားစံနှုန်းများ ပါဝင်ခြင်းမရှိပေ။ ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု ကုမ္ပဏီတိုင်း၏ မူဝါဒများနှင့် စည်းမျဉ်းများကို ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒပေါ်တွင် အခြေခံသင့်ပြီး ဒေသတွင်းနှင့် လုပ်ငန်းနယ်ပယ်ဆိုင်ရာ သီးသန့်ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ထည့်သွင်း၍ အသေးစိတ်ဖော်ပြသင့်သည်။

ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု ကုမ္ပဏီတိုင်း၏ မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများသည် လုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒနှင့် တူညီမှု ရှိရမည်ဖြစ်သည်။ ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု ကုမ္ပဏီတစ်ခုသည် ထိုကဲ့သို့မူဝါဒများနှင့် စည်းမျဉ်းများကို ပြဌာန်းပြီးပါက အဆိုပါကုမ္ပဏီ၏ဝန်ထမ်းများသည် ထိုကဲ့သို့ ကုမ္ပဏီ၏မူဝါဒများနှင့်စည်းမျဉ်းများကို ဆက်လက်လိုက်နာရမည်ဖြစ်သည်။

### လုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒနှင့် နိုင်ငံ သို့မဟုတ် ဒေသအလိုက် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၏ ဆက်စပ်မှု-

ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုသည် ကမ္ဘာအနှံ့တွင် စီပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဝန်ထမ်းများသည် နိုင်ငံနှင့် ဒေသအမျိုးမျိုးတို့၏ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။

- ဒေသတွင်း ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းတွင် ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာခြင်းမူဝါဒထက် မြင့်မားသော စံနှုန်းလိုအပ်ပါက ထိုဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းကို လိုက်နာရမည်ဖြစ်သည်။
- ဒေသတွင်းဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းသည် ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာခြင်းမူဝါဒထက် နိမ့်ကျသောစံနှုန်းရှိပါက ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာခြင်းမူဝါဒ စံနှုန်းအတိုင်း ကျင့်သုံးရမည်ဖြစ်သည်။

## ဝန်ထမ်း၏ တာဝန်များမှာ အဘယ်နည်း။

ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု ကုမ္ပဏီဝန်ထမ်းများအားလုံး အောက်ပါတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်သည်။ သင်သည်-

- ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒကို နားလည်ရမည် (သို့မဟုတ် သင့်ကုမ္ပဏီတွင် သင့်တော်သော မူဝါဒ နှင့်/သို့မဟုတ် စည်းမျဉ်းရှိပါက ထိုမူဝါဒ နှင့်/သို့မဟုတ် စည်းမျဉ်းကို နားလည်ရမည်) ဖြစ်ပြီး သင့်နေ့စဉ်လုပ်ငန်းများ ဆောင်ရွက်စဉ်တွင် လက်တွေ့ကျင့်သုံးရမည်ဖြစ်သည်။ သင့်တာဝန်ကို ထမ်းဆောင်စဉ်တွင် လေးစားလိုက်နာခြင်းနှင့် ပတ်သက်၍ သံသယရှိပါက ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာခြင်းမူဝါဒကို ကိုးကားရမည်ဖြစ်သည်။
- အမြင့်ဆုံး ကျင့်ဝတ်စံနှုန်းများကို ထိန်းသိမ်းလုပ်ဆောင်ပြီး ကျွန်ုပ်တို့ လုပ်ငန်းနှင့်သက်ဆိုင်သော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အစိုးရအမိန့်စာများအားလုံးကို လိုက်နာရမည်။
- လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာတစ်ခုကို သတိထားမိပါက မည်မျှသေးငယ်သည်ဖြစ်စေ "ချက်ချင်းတိုင်ကြား" မှု ပြုလုပ်ရမည်။ ("ချက်ချင်းတိုင်ကြား" ခြင်းနှင့်ဆိုင်သော အသေးစိတ်ရှင်းလင်းချက်များ အောက်တွင် ဖော်ပြပါရှိပါသည်။) ပြဿနာနှင့်ပတ်သက်၍ ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းစုမှ ဆောင်ရွက်သော စစ်ဆေးမှုများ သို့မဟုတ် စာရင်းစစ်မှုများကို သဘောရိုးဖြင့် ပါဝင်ပူးပေါင်းရမည်။

## စီမံခန့်ခွဲရေး၏ တာဝန်များမှာ အဘယ်နည်း။

ဝန်ထမ်း၏တာဝန်များအပြင် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု ကုမ္ပဏီတိုင်း၏ စီမံခန့်ခွဲရေးသည် အောက်ပါတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်သည်။

သင်သည်-

- ကုမ္ပဏီ၏ပထမဦးစားပေးမှာ လေးစားလိုက်နာမှုဖြစ်ကြောင်းကို သင့်ကုမ္ပဏီသို့ ရှင်းလင်းပြတ်သားသော သတင်းစကားကို မကြာခဏပေးပို့ရမည်ဖြစ်သည်။
- လေးစားလိုက်နာမှုကို ဦးစားပေးရမည်ဖြစ်ကြောင်းကို အလုပ်နှင့်ရော အပြောနှင့်ပါ ရှင်းလင်းစွာ လုပ်ဆောင်ပြရမည်ဖြစ်သည်။ အကျိုးအမြတ်နှင့် လေးစားလိုက်နာမှုတို့အနက်မှ တစ်ခုခုကို ရွေးချယ်ရမည့် အခြေအနေဖြစ်လာပါက သင့်ဝန်ထမ်းများအား ဆုံးဖြတ်ချက်မချစေဘဲ လေးစားလိုက်နာမှုကို ဦးစားပေးရန် လိုအပ်သောအဆင့်များလုပ်ဆောင်ပါ။
- သင့်ကုမ္ပဏီ၏ဝန်ထမ်းများသည် ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒကို နားလည်ရမည် (သို့မဟုတ် သင့်ကုမ္ပဏီတွင် သင့်တော်သောမူဝါဒနှင့်/သို့မဟုတ် စည်းမျဉ်းရှိပါက ထိုမူဝါဒ နှင့်/သို့မဟုတ် စည်းမျဉ်းကို နားလည်ရမည်) ဖြစ်ပြီး ၎င်းတို့၏လုပ်ငန်းဆောင်တာများတွင် ကျင့်သုံးနိုင်ရမည်ဖြစ်သည်။ ဤအချက်ကို အကောင်အထည်ဖော်နိုင်ရန် ဝန်ထမ်းများကို လိုအပ်သလို သင်ကြားပြသပါ။
- "ချက်ချင်းတိုင်ကြား"မှု တစ်ခုတိုင်းဆီမှ တက်လာသော လေးစားလိုက်နာမှုဆိုင်ရာ ပြဿနာတိုင်းကို မှန်ကန်စွာ တုံ့ပြန်၍ ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။ လေးစားလိုက်နာမှုဆိုင်ရာ ပြဿနာသည် မည်မျှသေးငယ်စေကာမူ လျစ်လျူမရှုရ သို့မဟုတ် ပေါ့ပေါ့တန်တန် မလုပ်ရပါ။
- ကုမ္ပဏီ၏ ဝန်ထမ်းအားလုံးကြားတွင် ထိရောက်သော ဆက်သွယ်ရေးပုံစံရှိပြီး ကျင့်ဝတ်စံနှုန်းများကို လိုက်နာသည့် လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ပြုစုပျိုးထောင်ရမည်ဖြစ်သည်။

## လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာကို မည်သို့တိုင်ကြားသင့်သနည်း။

ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု၏ ဝန်ထမ်းများအားလုံးသည် "ချက်ချင်းတိုင်ကြားမှုများ" ပြုလုပ်ရန် လိုအပ်သည်။ သင်သည် အမှန်တကယ် သို့မဟုတ် သံသယဖြစ်ဖွယ် လေးစားလိုက်နာခြင်းဆိုင်ရာပြဿနာကို သိရှိထားပါက အောက်တွင်ဖော်ပြထားသော လမ်းညွှန်ချက်အတိုင်း သင့်အထက်လူကြီးနှင့် သက်ဆိုင်ရာဌာန သို့မဟုတ် သင့်ကုမ္ပဏီရှိ တာဝန်ရှိသူထံသို့ တိုင်ကြားရန်လမ်းကြောင်းအတိုင်း ချက်ချင်းတိုင်ကြားရမည်ဖြစ်သည်။

တိုင်ကြားရန်အတွက် ပြဿနာ၏အသေးစိတ်အချက်အလက်များကို သိရှိသည်အထိ စောင့်ဆိုင်းရန် မလိုအပ်ပါ။ ချက်ချင်းတိုင်ကြားခြင်းဖြင့် အလျင်အမြန်တုံ့ပြန်နိုင်ပြီး ပြဿနာကို ပိုမိုဆိုးရွားစေခြင်း သို့မဟုတ် ပျံ့နှံ့စေခြင်းမဖြစ်အောင် ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ယင်းကဲ့သို့လုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းစုနှင့် ၎င်း၏ဝန်ထမ်းများကို ပိုမိုကာကွယ်မှု ပေးနိုင်မည်ဖြစ်သည်။

သင်သည် မန်နေဂျာတစ်ဦးဖြစ်ပြီး ချက်ချင်းတိုင်ကြားမှုကို လက်ခံရရှိပါက သင့်အထက်လူကြီးနှင့် သက်ဆိုင်ရာဌာနများကို ချက်ချင်းအစီရင်ခံ၍ တိုင်ပင်ဆွေးနွေးပြီး လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာကို မှန်ကန်စွာဖြေရှင်းရန် အကြံဉာဏ် သို့မဟုတ် ညွှန်ကြားချက် တောင်းခံပါ။

## ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုကုမ္ပဏီ၏ ချက်ခြင်းတိုင်ကြားရေး လမ်းကြောင်း




* "ခေါင်းဆောင်အဖွဲ့အစည်း" သည် ဆူမီတိုမိုကော်ပိုရေးရှင်းအတွင်းရှိ အဖွဲ့အစည်း (ပုံမှန်အားဖြင့် လုပ်ငန်းတစ်ခု) သို့မဟုတ် လုပ်ငန်းစုကုမ္ပဏီတစ်ခုကို ထောက်ပံ့ရာတွင် ဦးဆောင်သည့်အခန်းကဏ္ဍမှပါဝင်သော ၎င်း၏ဒေသဆိုင်ရာရုံးများဖြစ်သည်။ "မိတ်ဖက်အဖွဲ့အစည်း" သည် ဆူမီတိုမိုကော်ပိုရေးရှင်း အတွင်းရှိ အဖွဲ့အစည်း သို့မဟုတ် ရည်ရွယ်ချက်တူညီသည့် ဦးဆောင်သည့်အခန်းကဏ္ဍရှိသော ၎င်း၏ဒေသဆိုင်ရာရုံးများ ဖြစ်သည်။

*သက်ဆိုင်ရာဌာန" သည် ဥပမာအားဖြင့် လေးစားလိုက်နာခြင်းဆိုင်ရာပြဿနာတွင် HR ကိစ္စရပ်များ ပါဝင်ပါက HR ဌာနဖြစ်သည်။

## အပိုင်း II - ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒအကြောင်း

အကြောင်းပြချက်တစ်ခုခုကြောင့် လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာကို ပုံမှန်တိုင်ကြားခြင်းနည်းလမ်းအတိုင်း တိုင်ကြားရန်အဆင်မပြေပါက ပြဿနာကိုတိုင်ကြားရန် သင့်ကုမ္ပဏီ၏ ပြဿနာများတိုင်ကြားခြင်းစနစ် (ရှိပါက) သို့မဟုတ် SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးစနစ်ကို အသုံးပြုပါ။ SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးစနစ် အကြောင်း အသေးစိတ်အချက်အလက်များကို ဤလုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှုမူဝါဒ နောက်ဆုံးအပိုင်းတွင် ကြည့်ပါ။

# လုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှု စည်းမျဉ်းများ

- လုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှု စည်းမျဉ်းများတွင် လေးစားလိုက်နာမှုနှင့် သက်ဆိုင်သော အဓိကစည်းမျဉ်း (၁၁) ချက်ပါဝင်ပြီး လုပ်ငန်းစုတစ်ခုလုံးရှိ ဝန်ထမ်းများအားလုံး လိုက်နာရမည်။
- အောက်တွင် လုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှု စည်းမျဉ်း (၁၁) ချက်ကို ထပ်ဆောင်းရှင်းလင်းချက်များနှင့်တကွ တွေ့ရှိနိုင်ပါသည်။
- ဤမူဝါဒကို နားလည်ရန် လုပ်ငန်းစုဆိုင်ရာ လေးစားလိုက်နာမှု စည်းမျဉ်း (၁၁) ချက်နှင့် အဓိပ္ပါယ်ရှင်းလင်းချက်များ ကို သေချာစွာ ဖတ်ရှုပါ။

## 1. <u>မျှတသော ယှဉ်ပြိုင်မှု</u>

### စည်းမျဉ်း-

ယုံကြည်မှုပျက်ပြားစေခြင်း၊ မျှတသောယှဉ်ပြိုင်မှုတို့နှင့်သက်ဆိုင်သည့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို အမြဲတမ်းလိုက်နာပြီး ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများတွင် မျှတသောယှဉ်ပြိုင်မှုကို အားပေးရမည်ဖြစ်သည်။

### စည်းမျဉ်းအဓိပ္ပါယ် ရှင်းလင်းချက်-

- လက်ဝါးကြီးအုပ်ထားမှုမရှိခြင်း၊ ယုံကြည်မှုပျက်ပြားစေခြင်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းမရှိစေသော သဘောတူစာချုပ်များကို တားမြစ်ခြင်း

ကျွန်ုပ်တို့သည် မမှန်ကန်သော လက်ဝါးကြီးအုပ်ထားမှုများကို မပြုလုပ်ရ သို့မဟုတ် ပါဝင်ပတ်သက်မှုမပြုရပါ။ ကျွန်ုပ်တို့သည် ပြိုင်ဘက်များနှင့် လေလံအောင်နိုင်ရေး သဘောတူစာချုပ်များ သို့မဟုတ် အခြားယှဉ်ပြိုင်နိုင်စွမ်း မရှိစေသော သို့မဟုတ် လျှို့ဝှက်ကြံစည်ထားသော သဘောတူစာချုပ်များ မချုပ်ဆိုရပါ သို့မဟုတ် ဈေးကွက်ရှိ

ထင်ပေါ်သောအနေအထားတစ်ခုကို အလွဲသုံးစား မပြုလုပ်ရပါ။ ကျွန်ုပ်တို့သည် ဈေးနှုန်းများ သို့မဟုတ် အရောင်းပမာဏ ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် စားသုံးသူများ သို့မဟုတ် အရောင်းနယ်မြေများကို နေရာချထားခြင်းအကြောင်း ပြိုင်ဘက်များနှင့် မဆွေးနွေးရပါ။ ထို့ပြင် ထိုကဲ့သို့ မမှန်ကန်သော ဆွေးနွေးမှုပုံစံသက်ရောက်စေနိုင်သည့် ဆက်သွယ်မှုပုံစံများကို ရှောင်ရှားရမည်ဖြစ်သည်။ ပြိုင်ဘက်သည် ထို့ကဲ့သို့ ယှဉ်ပြိုင်မှုမရှိရေး သဘောတူညီချက်တွင် ပါဝင်ပတ်သက်ရန် ပြောဆိုလာပါက ကျွန်ုပ်တို့သည် ရှင်းလင်းပြတ်သားစွာနှင့် တရားဝင် ငြင်းပယ်ရမည်ဖြစ်သည်။ အစိုးရ သို့မဟုတ် ပုဂ္ဂလိကတင်ဒါများအပြင် နေ့တစ်ဝလုပ်ငန်းစဉ်များတွင်လည်း ထိုကဲ့သို့စီစဉ်ထားမှုများကို မည်သည့်အခါမျှ ခွင့်မပြုရပါ။

- **ပြဋ္ဌာန်းထားသော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအားလုံးကို လိုက်နာခြင်း**

နိုင်ငံရပ်ခြားမှပြိုင်ဘက်နှင့် လျှို့ဝှက်ကြံစည်ထားသော သဘောတူစာချုပ်သည် "နိုင်ငံတကာ ပူးပေါင်းကြံစည်၍ ဈေးနှုန်းထိန်းချုပ်ခြင်း" ပြဿနာအထိ ဖြစ်သွားနိုင်ကြောင်း သတိချပ်ပါ။ ဥပမာအားဖြင့် လျှို့ဝှက်ကြံစည်ထားသော သဘောတူစာချုပ်သည် အမေရိကန်ပြည်ထောင်စု သို့မဟုတ် ဥရောပဈေးကွက်များသို့ သက်ရောက်မှုရှိပါက ထိုသဘောတူစာချုပ်ကို အမေရိကန်ပြည်ထောင်စု သို့မဟုတ် ဥရောပပြင်ပတွင် ချုပ်ဆိုစေကာမူ အမေရိကန်ပြည်ထောင်စု ဈေးနှုန်းဆိုင်ရာကိစ္စရပ် ဥပဒေများနှင့် ဥရောပ ယှဉ်ပြိုင်မှုဥပဒေများ အကျုံးဝင်နိုင်ပါသည်။

## 2. <u>လုံခြုံရေးဆိုင်ရာ ကုန်သွယ်ရေးထိန်းချုပ်မှုများအပါအဝင် နိုင်ငံတကာ ကုန်သွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ</u>

### စည်းမျဉ်း-

ကျွန်ုပ်တို့သည် ပြဋ္ဌာန်းထားသောဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအပြင် ပို့ကုန်၊ သွင်းကုန် ထိန်းချုပ်မှု၊

လုံခြုံရေးဆိုင်ရာ ကုန်သွယ်ရေးထိန်းချုပ်မှု၊ အကောက်ခွန်များနှင့် သက်ဆိုင်သည့်နိုင်ငံတကာ သဘောတူညီချက်များကို လိုက်နာရမည်ဖြစ်သည်။

## စည်းမျဉ်းအခိပ္ပါယ် ရှင်းလင်းချက်-

ကျွန်ုပ်တို့သည် သက်ဆိုင်သောဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအပြင် ပို့ကုန်၊ သွင်းကုန် ထိန်းချုပ်မှု၊ လုံခြုံရေးဆိုင်ရာ ကုန်သွယ်ရေးထိန်းချုပ်မှု၊ အကောက်ခွန်များနှင့်သက်ဆိုင်သည့် နိုင်ငံတကာသဘောတူညီချက်များကို လိုက်နာရန် ပြဋ္ဌာန်းထားသည့် ကုန်စည်နှင့်နည်းပညာ တင်သွင်း၊ တင်ပို့ခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းစုတွင်း စည်းမျဉ်းများကို အမြဲလိုက်နာရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကုန်သွယ်မှုလုပ်ဆောင်နေသော ကုန်စည် သို့မဟုတ် နည်းပညာကို အမြဲနားလည်ရမည်ဖြစ်ပြီး ဝယ်ယူသူအထောက်အထား၊ ပို့ဆောင်ရမည့်နေရာ၊ စားသုံးသူနှင့် စားသုံးမှုများကို ထိုကုန်သွယ်မှုမလုပ်ခင် အမြဲအတည်ပြုရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သက်ဆိုင်ရာအာဏာပိုင်များထံမှ လိုအပ်သော လိုင်စင်နှင့် ခွင့်ပြုချက်များအားလုံး ရရှိပြီးဖြစ်အောင် လုပ်ဆောင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်မှုဖြစ်စေနိုင်သော သို့မဟုတ် ထိုကဲ့သို့ပုံပေါ်သော မည်သည့်စီးပွားရေးလုပ်ငန်းတွင်မျှ ပါဝင်ပတ်သက်ခြင်း မပြုရပါ။

# 3. <u>သင့်လုပ်ငန်းနှင့် သက်ဆိုင်သော ဥပဒေများ</u>

## စည်းမျဉ်း-

ကျွန်ုပ်တို့၏လုပ်ငန်းနှင့်သက်ဆိုင်သော ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လေ့လာမှတ်သားကာ၊ အပြည့်အဝနားလည်ပြီး လိုက်နာရမည်ဖြစ်ပါသည်။

## စည်းမျဉ်းအဓိပ္ပါယ် ရှင်းလင်းချက်-

ကျွန်ုပ်တို့၏ကိုယ်ပိုင်လုပ်ငန်းကို နားလည်သဘောပေါက်သော အစိတ်အပိုင်းတစ်ရပ်အဖြစ် လုပ်ငန်းအတွက် ပြဋ္ဌာန်းထားသော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအားလုံးကို လေ့လာမှတ်သားပြီး နားလည်ရမည့်အပြင် ကျွန်ုပ်တို့သည် အမြဲတမ်း ဥပဒေဘောင်အတွင်းရှိကြောင်းသေချာစေရန်အတွက် ဥပဒေနှင့်အညီ သို့မဟုတ် ဥပဒေသစ်ပြဋ္ဌာန်းပါက သက်ဆိုင်ရာဥပဒေနှင့်အညီ ပြောင်းလဲရန် အာရုံစိုက်ရမည်ဖြစ်သည်။ လုပ်ငန်းနယ်ပယ်တစ်ခုချင်းစီတိုင်းတွင် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ အများအပြားရှိကြောင်းကို ဝန်ထမ်းများမှ နားလည်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသော ကုန်စည်များ၊ ထောက်ပံ့ပို့ဆောင်ရေးတို့နှင့်သက်ဆိုင်သော ဥပဒေများရှိသည်။ ဝန်ထမ်းများသည် ထိုဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လေ့လာရန် သက်ဆိုင်ရာဌာနများ သို့မဟုတ် တာဝန်ရှိသူများနှင့် လိုအပ်သည့်အချိန်တိုင်း တိုင်ပင်ဆွေးနွေးပါ။ ထို့ပြင် ကျွန်ုပ်တို့သည် ဥပဒေများ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများ၏ အဓိပ္ပါယ်နှစ်ခွဖြစ်မှုများ သို့မဟုတ် ယိုပေါက်များအပေါ် အခွင့်အရေးယူရန် မည်သည့်အခါမျှ မလုပ်ဆောင်ရပါ။

## 4. <u>ကုမ္ပဏီ၏စာရွက်စာတမ်းများနှင့်မှတ်တမ်းများ၏တိကျမှု- အခွန်ဆောင်ထားကြောင်း အထောက်အထား</u>

## စည်းမျဉ်း-

ကျွန်ုပ်တို့သည် မှန်ကန်တိကျသော စာရွက်စာတမ်းများနှင့် အထောက်အထားများကို အချိန်နှင့်တပြေးညီ ထိန်းသိမ်းရမည်ဖြစ်ပြီး ဆက်စပ်အထောက်အထားများအားလုံးကို မှန်မှန်ကန်ကန် ပူးတွဲထားရပါမည်။ အခွန်များပေးဆောင်ရမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ အခွန်အစီရင်ခံခြင်း ကတိကဝတ်ကို ပြဋ္ဌာန်းထားသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု အခွန်ဆိုင်ရာ စည်းမျဉ်းများနှင့်အညီ

လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## စည်းမျဉ်းအဓိပ္ပါယ် ရှင်းလင်းချက်-

ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ဘဏ္ဍာရေးအခြေအနေကို မှန်ကန်စွာသိရှိနိုင်ရန်နှင့် ကုမ္ပဏီ၏ပိုင်ဆိုင်မှုများကို ကာကွယ်ရန် မှန်ကန်တိကျသော စာရွက်စာတမ်းများ၊ အထောက်အထားများနှင့် ဆက်စပ်အချက်အလက်များကို အချိန်နှင့်တပြေးညီ ထိန်းသိမ်းရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ပွင့်လင်းမြင်သာမှုအားဖော်ပြရန် လိုအပ်သော အချက်အလက်များကို ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန်နှင့် စောလျင်စွာ ထုတ်ပြန်ရမည်။ မှတ်တမ်းတင်ထားသော အထောက်အထားနှင့် ထုတ်ပြန်ထားသောအချက်အလက်များတွင် အမှား သို့မဟုတ် အဓိပ္ပါယ်လွဲမှားစေနိုင်ရန် ဖော်ပြချက်များ မပါဝင်ရ။ ထို့ပြင် ဤအထောက်အထားနှင့် အချက်အလက်များကို မှန်မှန်ကန်ကန်နှင့် ပြဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုအပ်သည့်အချိန်ကာလအထိ ထိန်းသိမ်းထားရမည်ဖြစ်သည်။

ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု အခွန်ဆိုင်ရာစည်းမျဉ်းများကို အောက်တွင် ကြည့်ရှုပါ-

<ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု အခွန်ဆိုင်ရာ စည်းမျဉ်းများ>

# 5. လာဘ်ပေးလာဘ်ယူနှင့် အကျင့်ပျက်ခြစားခြင်း တိုက်ဖျက်မှု

## စည်းမျဉ်း-

ကျွန်ုပ်တို့သည် လာဘ်ပေးလာဘ်ယူခြင်း၊ မမှန်ကန်သော အကျိုးအမြတ် ပံ့ပိုးခြင်းနှင့် အခြားအကျင့်ပျက်ခြစားမှုပုံစံများကို ကာကွယ်ရန် တင်းကြပ်သောအစီအမံများကို လိုက်နာရန် စိတ်ပိုင်းဖြတ်ထားရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လာဘ်ပေးလာဘ်ယူခြင်း သို့မဟုတ် မည်သည့်နိုင်ငံ၊ စည်ပင်နယ်နိမိတ် သို့မဟုတ် ဒေသ၏အစိုးရ သို့မဟုတ်

ပြည်သူ့အရာရှိကို လာဘ်ပေးသည်ဟုအထင်ခံရနိုင်သည့်လုပ်ဆောင်မှုမျိုးကို မပြုလုပ်ရပါ။ ကျွန်ုပ်တို့သည် စီးပွားရေးလုပ်ငန်းကို မမှန်ကန်သောနည်းဖြင့်ရရှိရန် သို့မဟုတ် ဆက်လက်ထိန်းသိမ်းရန် ပြည်သူ့အရာရှိများကို ငွေသား သို့မဟုတ် ငွေသားနှင့်တူညီသောအရာများ၊ လက်ဆောင်များ၊ ဖျော်ဖြေမှု သို့မဟုတ် တန်ဖိုးရှိသည့်မည်သည့်အရာမဆို မပေးကမ်းရ၊ မထောက်ပံ့ရ သို့မဟုတ် ထောက်ပံ့မည်ဟု ကတိမပေးရပါ။ ပြည်သူ့အရာရှိတစ်ဦးမှ ထိုကဲ့သို့အရာမျိုးကို တောင်းဆိုလာပါက ထိုတောင်းဆိုချက်ကို ပယ်ချရမည်ဖြစ်ပြီး ထိုအခြေအနေမျိုးတွင် ကုမ္ပဏီသည် သက်ဆိုင်ရာ အာဏာပိုင်များကို ဆက်သွယ်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် စီးပွားရေးလုပ်ငန်းဆောင်တာများအတွက် ပြည်တွင်းပြည်ပတွင်ပြဋ္ဌာန်းထားသော လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

## စည်းမျဉ်းအဓိပ္ပါယ် ရှင်းလင်းချက်-

ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု အကျင့်ပျက်ခြစားခြင်း တိုက်ဖျက်မှုဆိုင်ရာ စည်းမျဉ်းများနှင့် လုပ်ငန်းစုအတွင်း ထိန်းချုပ်မှုစနစ်များအပြင် လာဘ်ပေးလာဘ်ယူနှင့် အကျင့်ပျက်ခြစားခြင်း တိုက်ဖျက်မှုအတွက် ဆူမီတိုမိုကော်ပိုရေးရှင်းနှင့် ၎င်း၏ ဒေသတွင်းနှင့် နိုင်ငံရပ်ခြားလုပ်ငန်းခွဲများ၏ ဦးဆောင်မှုများအကြောင်း ပိုမိုသိရှိရန် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု အကျင့်ပျက်ခြစားခြင်း တိုက်ဖျက်မှုဆိုင်ရာ မူဝါဒကို ကြည့်ပါ။

<ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု အကျင့်ပျက်ခြစားခြင်း တိုက်ဖျက်မှုဆိုင်ရာ မူဝါဒ>

# 6. ဉာဏပစ္စည်း မူပိုင်ခွင့်များ

## စည်းမျဉ်း-

ကျွန်ုပ်တို့သည် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု၏ ဉာဏပစ္စည်း (“IP”) မူပိုင်ခွင့်များကို ကာကွယ်ရမည့်အပြင် အခြားသူများ၏ ဉာဏပစ္စည်းမူပိုင်ခွင့်များကိုလည်း လေးစားရမည်ဖြစ်သည်။

## စည်းမျဉ်းအစိပ်ပိုင်း ရှင်းလင်းချက်-

- **ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု၏ ဉာဏပစ္စည်း မူပိုင်ခွင့်များကို ကာကွယ်ခြင်း**

မူပိုင်ခွင့်များ၊ ကုန်အမှတ်တံဆိပ်များ၊ မှတ်ပုံတင်ထားမှုများနှင့် ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခြားပုံစံများသည် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု၏ တန်ဖိုးရှိသောပိုင်ဆိုင်မှုများ ဖြစ်သည်။ သင်သည် ကျွန်ုပ်တို့၏ ဉာဏပစ္စည်းမူပိုင်ခွင့်များကို ချိုးဖောက်နေသည့် အခြေအနေ သို့မဟုတ် ထိုကဲ့သို့ ချိုးဖောက်မှုဖြစ်နိုင်သည့်အခြေအနေကိုသိရှိလာပါက သင့်မန်နေဂျာအပြင် သက်ဆိုင်ရာဌာနများ သို့မဟုတ် တာဝန်ရှိသူများသို့ အစီရင်ခံပြီး တိုင်ပင်ဆွေးနွေးပါ။

- **အခြားသူများ၏ ဉာဏပစ္စည်းမူပိုင်ခွင့်များကို လေးစားခြင်း**

ကျွန်ုပ်တို့သည် အခြားသူများ၏ ဉာဏပစ္စည်းမူပိုင်ခွင့်များကို မည်သည့်ပုံစံနှင့်မဆို ချိုးဖောက်ခြင်းအား ရှောင်ရှားနိုင်ရန် ဂရုပြု အလေးထားရပါမည်။ ဥပမာ - သင်သည် နည်းပညာအသစ်များဖြင့်ထုတ်လုပ်ထားသော ထုတ်ကုန်အသစ်ကို ထုတ်လုပ်ရန် သို့မဟုတ် ရောင်းချရန် သို့မဟုတ် ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို လိုဂိုအသစ် သို့မဟုတ် အမှတ်အသားအသစ်ဖြင့် ရောင်းချရန် သို့မဟုတ် ကြော်ငြာရန် စီစဉ်ထားပါက အခြားသူများ၏ ဉာဏပစ္စည်း မူပိုင်ခွင့်များကို မချိုးဖောက်စေရန် သင့်တော်သောစုံစမ်းမှုများကို ဦးစွာလုပ်ဆောင်ရပါမည်။

# 7. <u>သတင်းအချက်အလက် စီမံခန့်ခွဲမှု</u>

## စည်းမျဉ်း-

ကျွန်ုပ်တို့သည် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု၏ လျှို့ဝှက်အချက်အလက်များနှင့် ကျွန်ုပ်တို့၏ စီးပွားဖက်များထံမှ ရရှိသော လျှို့ဝှက်အချက်အလက်များကို အခွင့်မရှိဘဲ ထုတ်ဖော်ကြေညာခြင်း သို့မဟုတ် ထိုအချက်အလက်များကို အသုံးချခြင်းမှ ကာကွယ်ရန် မှန်ကန်စွာ စီမံခန့်ခွဲရမည်ဖြစ်သည်။

## စည်းမျဉ်းအစိပ်ပိုင်း ရှင်းလင်းချက်-

- **ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု၏ လျှို့ဝှက်အချက်အလက်များကို စီမံခန့်ခွဲခြင်း**

ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု၏ ကုန်သွယ်ရေး လျှို့ဝှက်ချက်များ၊ အသိပညာ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များနှင့် အခြားလျှို့ဝှက်အချက်အလက်များသည် လုပ်ငန်းစု၏ တန်ဖိုးရှိသောပိုင်ဆိုင်မှုများ ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုလျှို့ဝှက်အချက်အလက်များကို ပေါက်ကြားခြင်း၊ ဆုံးရှုံးခြင်း သို့မဟုတ် အခွင့်မရှိဘဲ အသုံးပြုခြင်းတို့မှ ကာကွယ်ရန် မှန်ကန်စွာ စီမံခန့်ခွဲရမည်ဖြစ်သည်။

- **စီးပွားဖက်များ၏ လျှို့ဝှက်အချက်အလက်များကို စီမံခန့်ခွဲခြင်း- မမှန်ကန်သော သတင်းအချက်အလက်ရယူခြင်းမှ တားမြစ်ခြင်း**

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စားသုံးသူများ၊ ပစ္စည်းပေးသွင်းသူများနှင့် အခြားစီးပွားဖက်များထံမှရရှိသော မည်သည့်လျှို့ဝှက်အချက်အလက်များကိုမဆို ပြဋ္ဌာန်းထားသော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ စီးပွားဖက်များထံသို့ ပေးထားသော ကတိကဝတ်များအပြင် လုပ်ငန်းစုတွင်း စည်းမျဉ်းများနှင့်အညီ မှန်ကန်စွာ စီမံခန့်ခွဲရမည်ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့၏ ပြိုင်ဘက်များ သို့မဟုတ် အခြားသူများ၏ လျှို့ဝှက်အချက်အလက်များကို မမှန်ကန်သော နည်းလမ်းများဖြင့် မစုံစမ်းရပါ။

- **ဖြစ်ရပ်များကို မှန်ကန်စွာ တုံ့ပြန်ခြင်း**

လျှို့ဝှက်အချက်အလက်တစ်ခုခုကို အလွဲသုံးစားလုပ်ခြင်း၊ ဆုံးရှုံးခြင်း သို့မဟုတ် မမှန်ကန်စွာ အသုံးချခြင်း ခံရပါက ကျွန်ုပ်တို့သည် ချက်ချင်း တုံ့ပြန်ရမည်ဖြစ်ပြီး ထိုဆုံးရှုံးမှု၏အကျိုးဆက်ကို ထိုလျှို့ဝှက်အချက်အလက်၏ ပိုင်ရှင်မှ အတတ်နိုင်ဆုံးမခံရစေရန် လိုအပ်သောအစီအမံများအားလုံးကို လုပ်ဆောင်ရပါမည်။

## 8. သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း

### စည်းမျဉ်း-

ကျွန်ုပ်တို့သည် မှန်ကန်ကောင်းမွန်သော စီးပွားရေးလုပ်ဆောင်မှုများမှတစ်ဆင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရရှိစေရန် ကြိုးပမ်းစဉ်တွင် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကို လိုက်နာရမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရေးကို လေးလေးနက်နက် လုပ်ဆောင်ရပါမည်။

### စည်းမျဉ်းအဓိပ္ပါယ် ရှင်းလင်းချက်-

ကျွန်ုပ်တို့သည် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ၊ ပြဋ္ဌာန်းထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည့်အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ဆိုင်သော မည်သည့်သဘောတူညီချက်များကိုမဆို လက်ခံလိုက်နာရပါမည်။ ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကို အောက်တွင် ကြည့်ရှုပါ-

< ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ>

## 9. ကုမ္ပဏီ၏ အတွင်းသတင်းများကို အသုံးချ၍ စတော့ရှယ်ယာများ ရောင်းဝယ်ခြင်း

### စည်းမျဉ်း-

ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ အတွင်းသတင်းများကို အသုံးချ၍ စတော့ရှယ်ယာများ ရောင်းဝယ်ခြင်းဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သော သို့မဟုတ် ထိုကဲ့သို့ပုံပေါ်သော မည်သည့်လုပ်ဆောင်မှုများတွင်မျှ ပါဝင်ပတ်သက်ခြင်း မပြုရ။

## စည်းမျဉ်းအစီပွါယ် ရှင်းလင်းချက်-

ဝန်ထမ်းများသည် ကုမ္ပဏီတစ်ခု (၎င်းသည် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုတွင် ပါဝင်သည်ဖြစ်စေ မပါဝင်သည်ဖြစ်စေ) ၏ လွတ်လပ်စွာ အသိမပေးသော သတင်းအချက်အလက်များ ("ကုမ္ပဏီ၏ အတွင်းသတင်းများ") ကို သုံး၍ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားသော အာမခံများ (ဥပမာ- စတော့ရှယ်ယာများ) ကို ဝယ်ယူခြင်း၊ ရောင်းချခြင်း သို့မဟုတ် အခြားသူများအား ဝယ်ယူခိုင်းခြင်း သို့မဟုတ် ရောင်းချခိုင်းခြင်း မပြုလုပ်ရ။ ကုမ္ပဏီ၏ အတွင်းသတင်းဆိုသည်မှာ ယေဘုယျအားဖြင့် ရင်းနှီးမြှုပ်နှံသူတစ်ယောက်အတွက် အာမခံတစ်ခုကိုဝယ်ယူရန် သို့မဟုတ် ရောင်းချရန် သို့မဟုတ် ကိုင်ထားရန် ဆုံးဖြတ်ရာတွင် အရေးကြီးသည်ဟု ယူဆသော သတင်းအချက်အလက် သို့မဟုတ် ထိုအာမခံ၏ ဈေးကွက်ပေါက်ဈေးပေါ်တွင် သိသာသည့် သက်ရောက်မှုရှိသော သတင်းအချက်အလက်ကို ဆိုလိုခြင်းဖြစ်သည်။ ဥပမာအားဖြင့် ကုမ္ပဏီ၏ အတွင်းသတင်းတွင် အကြီးစားပူးတွဲလုပ်ဆောင်မှုများ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ သို့မဟုတ် ကော်ပိုရိတ်ဝင်ငွေခန့်မှန်းချက်များတွင် သိသာသော ပြုပြင်ပြောင်းလဲမှုများအကြောင်းတို့ ပါဝင်သည်။ သင်သည် ကုမ္ပဏီ၏အတွင်းသတင်းများကို သိရှိရပါက ကုမ္ပဏီတွင်း စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ပြီး ၎င်းကို လျှို့ဝှက်ထားရမည်ဖြစ်သည်။

ထို့ပြင် သင်သည် သင့်နိုင်ငံ သို့မဟုတ် ဒေသတွင် ပြဋ္ဌာန်းထားသော ကုမ္ပဏီ၏ အတွင်းသတင်းများကို အသုံးချ၍ စတော့ရှယ်ယာများ ရောင်းဝယ်ခြင်းဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။ စည်းမျဉ်းများသည် နိုင်ငံ သို့မဟုတ် ဒေသ တစ်ခုနှင့်တစ်ခု မတူနိုင်ပေ။

## 10. လူ့အခွင့်အရေးများကိုလေးစားခြင်း နှင့် ခွဲခြားဆက်ဆံခြင်း၊ အနှောင့်အယှက်ပေးခြင်းတို့မှ ကာကွယ်ခြင်း

### စည်းမျဉ်း-

ကျွန်ုပ်တို့သည် အခြားသူများ၏ လူ့အခွင့်အရေးများကို လေးစားရမည်ဖြစ်ပြီး မည်သည့် ခွဲခြားဆက်ဆံခြင်းနှင့် အနှောင့်အယှက်ပေးခြင်းကိုမျှ လက်ခံမည်မဟုတ်ပါ။

### စည်းမျဉ်းအဓိပ္ပါယ် ရှင်းလင်းချက်-

- **လူ့အခွင့်အရေးများကို လေးစားခြင်း**

ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုသည် စီမံခန့်ခွဲရေး စည်းမျဉ်းများတွင် "ရိုးသားဖြောင့်မတ်ခြင်းနှင့် တစ်ဦးတစ်ယောက်ချင်းအပေါ် လေးစားသော ကောင်းမွန်သည့်စီမံခန့်ခွဲမှုကို အဓိကအလေးထားရန်" ကတိကဝတ်ပြုထားပါသည်။ ဆိုလိုသည်မှာ ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုသည် ၎င်းနှင့်ပတ်သက်ဆက်နွယ်နေသော သို့မဟုတ် ဆက်သွယ်ဆက်ဆံနေသူများ အပါအဝင် တစ်ဦးတစ်ယောက်စီတိုင်း၏ လူ့အခွင့်အရေးများကို လေးစားပါသည်။

- **ခွဲခြားဆက်ဆံခြင်းနှင့် အနှောင့်အယှက်ပေးခြင်းတို့မှ ကာကွယ်ခြင်း**

ကျွန်ုပ်တို့သည် တစ်စုံတစ်ယောက်၏ လူမျိုး၊ တိုင်းရင်းသား၊ နိုင်ငံသား၊ မွေးဖွားရာဒေသ၊ အသားအရောင်၊ အသက်၊ လိင်၊ လိင်စိတ် ခံယူမှု၊ ကျား/မ၊ မသန်စွမ်းမှု၊ ဘာသာရေး၊ နိုင်ငံရေးဆိုင်ရာ ဆက်နွယ်မှု၊ အသင်းအဖွဲ့ဝင်မှု၊ အိမ်ထောင်ရေး အခြေအနေ သို့မဟုတ် အလုပ်နှင့်မသက်ဆိုင်သော မည်သည့်အကြောင်းပြချက်နှင့်မျှ ခွဲခြားဆက်ဆံခြင်း မပြုလုပ်ရပါ။ ကျွန်ုပ်တို့သည် ခွဲခြားဆက်ဆံသော စကား သို့မဟုတ် အမူအရာများ၊ စိတ်အနှောင့်အယှက်ပေးခြင်း၊ အနိုင်ကျင့်ခြင်း၊ အပုတ်ချခြင်း၊ မဟုတ်သတင်းလွှင့်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်း သို့မဟုတ် အခြားသူများကို ကြောက်လန့်စေသော လက်မခံနိုင်သည့်အပြုအမူ သို့မဟုတ် စိတ်မသက်မသာဖြစ်စေသောအရာများကို မည်သည့်အခါမျှ

လက်ခံမည်မဟုတ်ပေ။

## 11. ကိုယ်ကျိုးစီးပွား ပါဝင်ပတ်သတ်မှု

### စည်းမျဉ်း-

ကျွန်ုပ်တို့သည် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုအတွက် အကျိုးအမြတ်အရှိဆုံးဖြစ်စေရန် ပြုမူလုပ်ကိုင်ရမည်။ ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ပိုင်ဆိုင်မှုများ သို့မဟုတ် ကုမ္ပဏီရှိ ကျွန်ုပ်တို့၏ ရာထူးများကို အသုံးပြု၍ ကိုယ်ကျိုးအတွက် သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခု၏အကျိုးအတွက် လုပ်ငန်းစု၏အကျိုးကိုအသုံးချ၍ မည်သည့်အခါမှ မလုပ်ဆောင်ရပါ။

### စည်းမျဉ်းအဓိပ္ပါယ် ရှင်းလင်းချက်-

- **ကိုယ်ကျိုးစီးပွားပါဝင်ပတ်သတ်မှု**

ဝန်ထမ်းတိုင်းသည် လုပ်ငန်းစုသို့ သစ္စာရှိရမည်ဖြစ်ပြီး လုပ်ငန်းစုအတွက် အကျိုးအမြတ်အရှိဆုံးဖြစ်စေရန် အချိန်တိုင်း ပြုမူဆောင်ရွက်ရမည်ဖြစ်သည်။ သင့်ကုမ္ပဏီရှိ သင့်ရာထူး သို့မဟုတ် အခန်းကဏ္ဍကို သင့်ကိုယ်ကျိုးအတွက် အသုံးမချရပါ။

- **သင့်အလုပ်နှင့် မသက်ဆိုင်သောလုပ်ဆောင်ချက်များ**

သင်သည် သင့်ကိုယ်ရေးကိုယ်တာကိစ္စရပ်များတွင် ပါဝင်ပတ်သက်ခြင်း သို့မဟုတ် သင့်အလုပ်တာဝန်များသို့ လာရောက်ထိခိုက်နိုင်သော လုပ်ဆောင်မှုများမှ ကင်းရှင်းစွာ နေရပါမည်။ သင်သည် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု၏ အကျိုးအမြတ်ကို ထိခိုက်စေသော စီးပွားရေးဆိုင်ရာ လုပ်ဆောင်မှုများတွင် ပါဝင်ပတ်သက်ပါက သို့မဟုတ် ပါဝင်ပတ်သက်ရန် စီစဉ်ထားပါက သင့်မန်နေဂျာသို့ ချက်ချင်းအကြောင်းကြားပါ။

- **ကုမ္ပဏီ၏ပိုင်ဆိုင်မှုများနှင့်အိုင်တီစနစ်များကို မှန်ကန်စွာ အသုံးပြုခြင်း**

သင်သည် ကုမ္ပဏီ၏အိုင်တီပစ္စည်းများ သို့မဟုတ် အိုင်တီစနစ်များအပါအဝင် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများကို သင့်လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်အတွက်သာ အသုံးပြုရမည်ဖြစ်ပြီး သင့်ကိုယ်ရေးကိုယ်တာအတွက် အသုံးမပြုရပါ။

# "SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေး" စနစ်အကြောင်း

## SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေး" စနစ် ဆိုသည်မှာ အဘယ်နည်း။

"SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေး" သည် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုတွင်း ပြဿနာများတိုင်ကြားခြင်းစနစ်၏အမည်ဖြစ်သည်။ သင်သည် လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာတစ်ခုကို သိရှိထားပြီး (အကြောင်းပြချက်တစ်ခုခုကြောင့်) ပြဿနာကို ပုံမှန်တိုင်ကြားခြင်းနည်းလမ်းအတိုင်း တိုင်ကြားရန် အဆင်မပြေပါက ပြဿနာကိုတိုင်ကြားရန် သင့်ကုမ္ပဏီ၏ပြဿနာများတိုင်ကြားခြင်းစနစ် (ရှိပါက) သို့မဟုတ် SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးစနစ်ကို အသုံးပြုပါ။ SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးမှတဆင့် ပြုလုပ်သော တိုင်ကြားမှုများသည် ဆူမီတိုမိုကော်ပိုရေးရှင်း၏ လေးစားလိုက်နာခြင်းဆိုင်ရာ အရာရှိချုပ် (“CCO”) ဆီသို့ ရောက်ရှိမည်ဖြစ်သည်။ တိုင်ကြားစာကို လက်ခံရရှိပါက စုံစမ်းစစ်ဆေးခြင်းကို ချက်ချင်းစတင်မည်ဖြစ်သည်။ ဆူမီတိုမိုကော်ပိုရေးရှင်းသည် အောက်ပါအချက်များကို တိကျစွာ လုပ်ဆောင်မည်ဟု ကတိပြုသည်-

### လျှို့ဝှက်ထားမှု

ဝန်ထမ်းတစ်ဦးသည် SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးမှတစ်ဆင့် လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာတစ်ခုကို တိုင်ကြားပါက ထိုဝန်ထမ်းသည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် တိုင်ကြားစာအသေးစိတ် (စုံစမ်းစစ်ဆေးမှုမှ ရရှိလာသော အချက်အလက်များ သို့မဟုတ် အသေးစိတ်များ အပါအဝင်) ကို အလျှို့ဝှက်ဆုံး ထိန်းသိမ်းမည်ဖြစ်သည်။

### ပြန်လည်လက်တုံ့ပြန်ခြင်းမရှိ

ဆူမီတိုမိုကော်ပိုရေးရှင်းသည် တိုင်ကြားမှုပြုလုပ်သည့် ဝန်ထမ်းကို ဒဏ်ပေးခြင်း သို့မဟုတ် လက်တုံ့ပြန်ခြင်းတို့မှ ကာကွယ်ရန် ကတိပေးပါသည်။

SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးဆိုင်ရာ နောက်ထပ်အသေးစိတ်အချက်အလက်များကို "SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေး လမ်းညွှန်ချက်များ" တွင် ရှင်းပြထားပါသည်။

## SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးကို မည်သူအသုံးပြုနိုင်သနည်း။

ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု ကုမ္ပဏီ၏ ဝန်ထမ်းများအားလုံး (ဆိုလိုသည်မှာ ဒါရိုက်တာ၊ အရာရှိ၊ ဝန်ထမ်း၊ စာချုပ်နှင့် ဝန်ထမ်း၊ အချိန်ပိုင်း ဝန်ထမ်း၊ လုပ်ငန်းစုပြင်ပရှိ ကုမ္ပဏီများသို့ ယာယီတာဝန်ချထားသော ဝန်ထမ်းနှင့် ယာယီဝန်ထမ်းများ) သည် လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာကို SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးမှတစ်ဆင့် တိုင်ကြားနိုင်သည်။

## SC ကမ္ဘာလုံးဆိုင်ရာထုတ်ဖော်ပြောဆိုရေးတွင် မည်ကဲ့သို့သော လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာများကို တိုင်ကြားနိုင်သနည်း။

ဝန်ထမ်းများသည် ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုအပေါ် အန္တရာယ်သဘောဆောင်သော အကြီးစား သက်ရောက်မှုများရှိနိုင်သည့် သိသာထင်ရှားသော လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာများအား SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးကိုသုံး၍ တိုင်ကြားသင့်သည်။ SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးမှတစ်ဆင့် တိုင်ကြားနိုင်သော လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာအမျိုးအစားများ၏ နောက်ထပ်အသေးစိတ်အချက်များကို "SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေး လမ်းညွှန်ချက်များ" တွင် ကြည့်ရှုပါ။

## SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးသည် လက်ရှိ ကုမ္ပဏီတွင်းသုံး လေးစားလိုက်နာခြင်းဆိုင်ရာ သီးသန့်လိုင်းများ၊ ပြဿနာတိုင်ကြားခြင်းစနစ်များနှင့် မည်သို့ဆက်နွယ်သနည်း။

ဆူမီတိုမိုကော်ပိုရေးရှင်းသည် SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးစနစ်ကို ပြဿနာများတိုင်ကြားခြင်း

စနစ်အဖြစ် တည်ထောင်ထားပြီး ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစုအတွင်းရှိ မည်သည့်ကုမ္ပဏီမဆို အသုံးပြုနိုင်သည်။ ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု ကုမ္ပဏီတစ်ခုတွင် အလားတူ ပြဿနာများတိုင်ကြားခြင်းစနစ် သို့မဟုတ် လေးစားလိုက်နာခြင်းဆိုင်ရာ သီးသန့်လိုင်းတစ်ခု ရှိပြီးဖြစ်ပါက ဆူမီတိုမိုကော်ပိုရေးရှင်းသည် တည်ရှိပြီးသား မည်သည့်စနစ်ကိုမဆို အစားထိုးရန် သို့မဟုတ် ဖျက်သိမ်းရန် မလိုလားသောကြောင့် SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးကို ထပ်တိုးစနစ်တစ်ခုအဖြစ်သာ အသုံးပြုနိုင်သည်။ ဆူမီတိုမိုကော်ပိုရေးရှင်းလုပ်ငန်းစု ကုမ္ပဏီရှိ ဝန်ထမ်းသည် လေးစားလိုက်နာခြင်းဆိုင်ရာပြဿနာကို တိုင်ကြားရန် ၎င်းကုမ္ပဏီ၏ ပြဿနာတိုင်ကြားခြင်းစနစ် သို့မဟုတ် SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးကို အသုံးပြုနိုင်သည်။

တိုင်ကြားရန် နည်းလမ်းအသစ်တစ်ခုဖြစ်သည့် SC ကမ္ဘာလုံးဆိုင်ရာ ထုတ်ဖော်ပြောဆိုရေးကို မိတ်ဆက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် လေးစားလိုက်နာခြင်းဆိုင်ရာ ပြဿနာများကို ရှာဖွေဖော်ထုတ်ခြင်း၊ အန္တရာယ်ဖြစ်စေနိုင်သည့်သက်ရောက်မှုများ အနည်းဆုံးဖြစ်အောင် လျှော့ချခြင်းနှင့် ပြဿနာများကို စောလျင်စွာ ဖြေရှင်းခြင်းတို့ကို ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

www.sumitomocorp.com

ထုတ်ဝေသူ- ဆူမီတိုမိုကော်ပိုရေးရှင်း ဥပဒေလေးစားလိုက်နာရေးဌာန